# ရှေ့နေကြီး ပယ်ရီမေဆင်

နှင့်

# ကချေသည်မအမှု

## မောင်ဝံသ

မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး



A Perry Mason Mystery

**The Case of the Fan Dancer's Horse**

ERLE STANLEY **GARDNER**

ဒုတိယအကြိမ်

## ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ကချေသည် မ အမှု

* အတိုက်ခံရသော ကားတစ်စီးထဲမှ ငှက်မွေး ယပ်တောင် တစ်စုံ။

* ပျောက်ဆုံးနေသော မြင်းတစ်ကောင်ကို လိုက်ရှာနေသော လူတစ်စု။

* ဟိုတယ် အခန်းတစ်ခုထဲ၌ ဖြစ်ပွားသော လူသတ်မှု။

* နာမည် တစ်ခုတည်းနှင့် ကချေသည် မ နှစ်ယောက်။

* လူသတ် လက်နက် ဂျပန်ဓားရှည်ကြီး တစ်လက်။

* အငှား တရားခံ လုပ်ချင်သော အချစ်ရူး တစ်ယောက်။

* လူဆွဲ ပြခန်းထဲမှ လှည့်ကွက် ကလေး တစ်ခု။

* လွတ်လမ်းမရှိသော တရားခံကို ရှေ့နေကြီး ပယ်ရီမေဆင် ကယ်တင်ခဲ့ရပုံ ဇာတ်လမ်းသစ်။

*****

အခန်း (၁)

"မဟာတောင်ကြား" တစ်ခွင်၏ နံနက်ခင်းမှာ ပူလောင် စူးရှသော နေရောင်ခြည်ဖြင့် တောက်ပနေသည် ။

ပယ်ရီမေဆင် မောင်းလာသော ကား၏ နောက်မှ ဆီဒင် ကားကြီး တစ်စီးသည် တစ်နာရီ မိုင်ရှစ်ဆယ် နှုန်းဖြင့် ဝေါခနဲ ဖြတ်တက် သွားသည် ။ ပြင်းထန် လွန်းသော အရှိန်၏ ဟပ်ခြင်းကိုပင် ခံစား လိုက်ရသည် ။

"ဒီလူ့ ကားတာယာ တွေတော့ အရည်ပျော် ကုန်တော့မှာ ပဲ" ဟု မေဆင်က သူ့ဘေးမှာ ထိုင်လိုက်လာသော အတွင်းရေးမှူး မကလေး ဒယ်လာစထရိကို လှမ်းပြော လိုက်သည် ။

"လော့စ်အိန် ဂျလီမြို့မှ နာမည်ကျော် ရှေ့နေကြီး ပယ်ရီမေဆင်နှင့် သူ၏ အတွင်းရေးမှူး မကလေး ဒယ်လာစထရိသည် "မဟာတောင်ကြား" နယ်ဘက်သို့ အမှုကိစ္စ တစ်ခုအတွက် သွားရောက်ခဲ့ကြပြီး ပြန်လာကြခြင်း ဖြစ်သည် ။

အရှိန်ပြင်းစွာ ဖြတ်ကျော် တက်သွားသော ဆီဒင်ကားကြီးကို ဒယ်လာက ခေါင်းထောင်၍ လိုက်ကြည့်နေရင်း ပြန်ပြောသည် ။

"ဒီလောက် အမောင်း ကြမ်းပုံမျိုးနဲ့ တော့ ဝေးဝေး မသွားနိုင်ပါဘူး ဆရာ၊ ကြည့်နေပါ ...၊ ဟော ... ပြောရင်းဆိုရင်း ဟိုကားကိုတိုက် ... တိုက်ပြီ" ဟု ဒယ်လာက အော်လိုက်သည် ။

မေဆင်က ချက်ချင်းပင် သူ့ကားဘရိတ်ကို နင်းချ လိုက်ရသည် ။ ရှေ့ရှိ မြင်ကွင်းမှာ ဆီဒင်ကားကြီးသည် နောက်ထပ် ကားတစ်စီးကို ကျော်တက်ရန် ဝဲဘက်သို့ ခေါင်းပြူ အတက်တွင် မျက်နှာချင်းဆိုင်မှ

မောင်းလာသော ကားတစ်စီးကို ဘေးစောင်း တိုက်သွားခြင်း ဖြစ်သည် ။

ဆီဒင် ကားကြီးမှာ တုံ့ဆိုင်းခြင်းပင် မရှိဘဲ ဆက်မောင်း ပြေးသည် ။ အတိုက်ခံရသော တစ်ဖက်မှ ကားမှာ မူကား တစောင်း လိမ့်သွားပြီး အဝေးပြေး လမ်းမကြီးပေါ်မှ လမ်းဘေးရှိ သဲပြင်ကြီးပေါ်သို့ ထိုးကျသွားကာ တုံးလုံး လဲလျက် ရပ်နေတော့သည် ။

မေဆင်က သူ့ကားကို လမ်းဘေး တစ်နေရာသို့ ထိုးဆင်း၍ ရပ်လိုက်ပြီး ကားထဲမှ ခုန်ထွက်လိုက်သည် ။

မှောက်နေသော ကားမှာ အလွန် ဟောင်းအိုလှပြီ ဖြစ်သော ရှေးခေတ် ကားတစ်စီးပင်။

မေဆင် အနီး အရောက်တွင် အပေါ်ဘက် ကားတံခါး ပွင့် လာပြီး အဘွားကြီး တစ်ယောက် တံခါးမှ ထွက်ရန် ကြိုးစား နေသည် ကို တွေ့ရသည် ။ အဘွားကြီးမှာ ကြည့်လိုက်ရုံဖြင့် မက္ကဆီကို အမျိုးသမီးကြီးမှန်း သိသာသည် ။ မေဆင်က ကားထဲမှ ထွက်နိုင်အောင် ကူညီပေးရင်း အဘွားကြီး၏ လက်မောင်း တစ်ဖက် တွဲရရွဲ ကျနေပြီး ကျိုးသွားဟန် ရှိသည် ကို တွေ့ရသည် ။ တံခါးပေါင်နှင့် လက်ထိမိရာ အဘွားကြီးက နာကျင်လွန်း၍ စူးစူးရွားရွား အော်ဟစ်သည် ။ ထိုနောက် မေဆင်အား ယဉ်ကျေးစွာ စပိန်ဘာသာဖြင့် "ကျေးဇူး တင်ပါတယ် ဆီညော်" ဟု ပြောသည် ။

"လက်အပြင် တခြား ဘယ်နေရာမှာ နာနေသေးလဲ" ဟု မေဆင်က မေးသည် ။

မက္ကဆီကို အဘွားကြီးက ခေါင်းယမ်း ပြပြီး "အင်္ဂလိပ် စကားမသိ" ဟူ၍ ပြန်ပြောသည် ။

ထိုစဉ် ရပ်ကြည့်နေသော အခြား ကားတစ်စီးမှ လူတစ်ယောက် ဆင်းလာကာ ...

"ကျွန်တော် ကူညီနိုင်မယ် ထင်တယ်၊ ကျွန်တော်က နယ်ခြားမှာ ကြီးလာတဲ့ လူမို့ စပိန်လို ပြောတတ်တယ်၊ ကျွန်တော့် နာမည်က နီဝဲလ်ပါ၊ ဆီဒင်ကားကြီး တစ်စီး ကျွန်တော့် ကားကိုလည်း အတင်း ဖြတ်တက်သွားတယ်၊ အဲဒီကားပဲ တိုက်သွားတယ် ထင်တယ်"

"အဘွားကြီး ဒဏ်ရာ အခြေအနေ ကျွန်တော် မေးကြည့် နေတာပါ" ဟု မေဆင်က ပြောသည်။

နီဝဲလ်က အဘွားကြီးနှင့် စပိန်လို မေးမြန်းနေသည်။ ထိုနောက် မေဆင်အား ပြန်ပြောသည်။

"အဘွားကြီးက ပြောတယ်၊ လက်မောင်း တစ်ဖက်ပဲ ထိခိုက်သွားတာတဲ့၊ ကျိုးသွားတယ် ထင်တယ်တဲ့ "

"ကျွန်တော်တို့ သူ့ကို ဆရာဝန် တစ်ယောက် ယောက်ဆီ ပို့နိုင်ရင် ကောင်းမယ်၊ သူ့နာမည် ဘာတဲ့ လဲ"

"မာရီယာ ဂွန်ဇာလက်တဲ့ "

"ဘယ်မှာ နေသတဲ့ လဲ"

"သူ့တူနဲ့ နေတယ်လို့ ပြောတယ်"

"ဘယ်မှာ လဲ"

အဘွားကြီးက ကောင်းသော လက်ဖြင့် ဝှေ့ယမ်း ညွှန်ပြသည်။

"ဒီတောင်ကြား ထဲမှာ ပဲတဲ့ " ဟု နီဝဲလ်က ပြန်ပြောပြသည်။

မေဆင်က ပြုံးလိုက်ပြီး "အတော် မရေမရာဘဲ၊ ကျွန်တော်တို့ သူ့

ကားမောင်း လိုင်စင်ကို ကြည့်ကြည့် ရအောင်"

နီဝဲလ်က "သူတို့ တစ်တွေက သိပ်ပြီး မေးတာ မြန်းတာ မကြိုက်တတ်ဘူးဗျ" ဟု ပြောသည် ။

"အိုဗျာ ဒီအဘွားကြီးဟာ ဘာကြောင့် သူနေတဲ့ နေရာကို မသိစေချင်ရတာလဲ"

"ဒါကတော့ ရေရေလည်လည် ပြောတတ် ဆိုတတ် မဟုတ်လို့လည်း ဖြစ်မယ်၊ ပြီးတော့ ခင်ဗျားက သူတို့ ကို ဒုက္ခပေး လိမ့်မယ်လို့ ထင်တာကြောင့်လည်း ဖြစ်နိုင်တယ်၊ ခဏနေဦးလေ၊ ယာဉ်မောင်း လိုင်စင် မေးကြည့် ပါဦးမယ်"

နီဝဲလ်က "သူတို့ တစ်တွေက သိပ်ပြီး မေးတာ မြန်းတာ မကြိုက်တတ်ဘူးဗျ" ဟု ပြောသည် ။

"အိုဗျာ ဒီအဘွားကြီးဟာ ဘာကြောင့် သူနေတဲ့ နေရာကို မသိစေချင်ရတာလဲ"

"ဒါကတော့ ရေရေလည်လည် ပြောတတ် ဆိုတတ် မဟုတ်လို့လည်း ဖြစ်မယ်၊ ပြီးတော့ ခင်ဗျားက သူတို့ ကို ဒုက္ခ ပေးလိမ့်မယ်လို့ ထင်တာကြောင့်လည်း ဖြစ်နိုင်တယ်၊ ခဏနေဦးလေ၊ ယာဉ်မောင်း လိုင်စင် မေးကြည့် ပါဦးမယ်"

နီဝဲလ်က အဘွားကြီးအား စပိန် ဘာသာဖြင့် မေးပြန်သည် ။ ထိုနောက် ပြုံး၍ ပြန်ပြော ပြသည် ။ "အဘွားကြီးက ပြောတယ်၊ အခု သူ ကားမောင်း နေတော့တာမှ မဟုတ်ဘဲတဲ့ "

"ဟာ ... ခုနက သူပဲ မောင်းလာတာပဲ" ဟု မေဆင်က ပြောသည် ။

နီဝဲလ်က မေဆင် ပြောသည် ကို ပြန်ပြောပြရာ မက္ကဆီကို အဘွား

ကြီးက မှောက်နေသော ကားကို ညွှန်ပြပြီး စပိန်ဘာသာဖြင့် ပြန်ပြောသည် ။ နီဝဲလ်က ဘာသာ ပြန်ပြသည် ။

"ဒါ ... လမ်းမကြီး ပေါ်မှာ မဟုတ်ဘူး ၊ ကားကလည်း လှုပ်တောင် မလှုပ်တော့ဘူး၊ ကားထဲမှာ လည်း ဘယ်သူမှ မရှိဘူး၊ ဒါကြောင့် လိုင်စင်ရှိဖို့ မလိုဘူးတဲ့ "

"အဘွားကြီး ကားတောင် မောင်းလာတာပဲဗျာ၊ ယာဉ်မောင်း လိုင်စင်တော့ ရှိရမှာ ပေ့ါ"

နီဝဲလ်က ထပ်မေးပေးပြီး အဖြေကို ပြန်ပြောသည် ။

"သူ့ မှာ အခု လက်မောင်း တစ်ဖက်ပဲ အကောင်း ကျန်တယ်တဲ့ ၊ ကားမမောင်း နိုင်တော့ပါဘူးတဲ့ "

"ကောင်းပြီလေ၊ ထားလိုက်ပါတော့၊ ကားပေါ်မှာ တော့ မှတ်ပုံတင် နံပါတ်တွေ ဘာတွေ ရှိမှာ ပဲ၊ ကိုင်း ... ဒီနေရာနဲ့ အနီးဆုံး ဆေးရုံ ဘယ်မှာ ရှိလဲ" ဟု မေဆင်က မေးသည် ။

ထိုစဉ် မှောက်သွားသော ကားမောင်းလာရာ ဘက်ဆီမှ ကားတစ်စီး ရပ်လိုက်ပြီး အသက် ၄၅ နှစ် အရွယ်ခန့် မက္ကဆီကို လူမျိုးတစ်ယောက် ဆင်းလာ၍ မေးသည် ။

"တစ်ယောက် ယောက်များ ထိသွားသလား"

မေဆင်က ပြန်ပြောသည် ။ "ဒီအမျိုးသမီးကြီး လက်ကျိုးသွားတယ် ထင်တယ်၊ ကားမောင်း လာတာက သူတစ်ယောက်တည်းပဲ"

မက္ကဆီကန်က ကားကို ကြည့်ပြီး အဘွားကြီးကို လှမ်းကြည့်ကာ စပိန်ဘာသာဖြင့် မေးခွန်း လေးငါးခွန်း တရစပ် မေးသည် ။ အဘွားကြီး ကလည်း တရစပ် ပြန်ပြောသည် ။ ပြီးလျှင် မက္ကဆီကန်က "ကျွန်တော် သူ့

ကို ဆရာဝန်ဆီ လိုက်ပို့ပေးမယ်" ဟု ပြောသည် ။

"ခင်ဗျား သူ့ကို သိလား"

"သူ့ ဆွေမျိုးတွေကို သိပါတယ်"

မေဆင်က ထိုသူကို သူ၏ အလုပ်လိပ်စာ ကတ်ပြား ပေးလိုက်ရန် ဆွဲထုတ်ယူပြီးမှ ကတ်ပြားပေါ်တွင် "ပယ်ရီမေဆင် ဥပဒေ အကျိုးဆောင် ရှေ့နေကြီး" ဟု ရေးထားသည် ကို တွေ့လျှင် လန့်သွားဦး မည်ဟု တွေးမိ၍ အိတ်ထဲ ပြန်ထည့် ထားသည် ။ ထိုနောက် မှတ်စုစာအု ပ် ထုတ်ကာ စာတစ်ရွက် ဆွဲထုတ်၍ သူ၏ နာမည်နှင့် နေထိုင်သော တိုက်ခန်း လိပ်စာကိုသာ ရေးပေးလိုက်သည် ။

"ကျွန်တော့် နာမည် မေဆင်၊ သူက မစ္စစထရိတ် ၊ တကယ်လို့ သက် သေအဖြစ် လိုအပ်ရင် ဒီလိပ်စာ အတိုင်း ဆက်သွယ်ပါ၊ ကားချင်း တိုက်သွားတာကို ကျွန်တော်တို့ က မျက်မြင် တွေ့ခဲ့ရတာ" ဟု မေဆင် က ပြောသည် ။

မက္ကဆီကန်က ဦးခေါင်း ညွတ်၍ "ကျေးဇူး တင်ပါတယ် ခင်ဗျား၊ ကျွ န်တော့် နာမည်က ဂျိုဆေကမ် ပိုကိုလီမာပါ၊ ကိုင်း ကျွန်တော် ဒီအမျိုးသ မီးကြီးကို ဆရာဝန်ဆီ လိုက်ပို့ ပေးလိုက်ပါမယ်"

ထိုနောက် မက္ကဆီကန်က အဘွားကြီးကို တယုတယ တွဲ၍ သူ့ကား ဆီသို့ ခေါ်သွားပြီး နေရာ ချပေးသည် ။ ပြီးလျှင် တံခါးပိတ်၍ ပူပြင်းလှ သော လမ်းမကြီး တစ်လျှောက် မောင်းထွက် သွားသည် ။

နီဝဲလ်က မေဆင်ကို နှုတ်ဆက်သည် ။ "ကိုင်း ... ကျွန်တော်လည်း သွားဦးမှ ၊ ဒီမှာ ကျွန်တော့် လိပ်စာကတ်ပြား၊ အဘွားကြီး ဟိုလူ့ဆီက လျော်ကြေး ရနိုင်ရင် ကောင်းမယ်ဗျာ"

"တိုက်သွားတဲ့ ကားမောင်းတဲ့ လူကို ရှာတွေ့နိုင်ရင် လျော်ကြေး ရနိုင်တာပေါ့" ဟု မေဆင်က ပြောသည် ။

"ကျွန်တော် ကယ်လက်ဆီကို မြို့ကို သွားမှာ ၊ အဲဒီကနေ အဝေးပြေးလမ်းမကြီး ဆိုင်ရာ ရဲအဖွဲ့ကို ဖုန်းလှမ်းဆက် လိုက်မယ်" ဟု နီဝဲလ်က ပြောသည် ။

"တတ်နိုင်သမျှ လုပ်ကြ သေးတာပေါ့" ဟု မေဆင်က ပြောပြီး ကားဆီသို့ ပြန်လာသည် ။ နီဝဲလ်က ကားမောင်း ထွက်သွား သောအခါ မေဆင်က ဒယ်လာကို ပြောသည် ။

"ဒယ်လာရေ အဘွားကြီး ကတိုက်ကရိုက်နဲ့ ထွက်သွားတာ ကားထဲမှာ ဘာကျန်ရစ်ခဲ့လဲ မသိဘူး၊ သွားကြည့်ပြီး သိမ်းထား ပေးဦးမှ " ဟု ဆိုကာ မှောက်နေသော ကားဆီ ပြန်လာကြသည် ။

နေရှိန်အောက်တွင် ကားကြီးမှာ ပူကြွပ်၍ နေသည် ။ ပွင့်နေသော တံခါးမှ အထဲသို့ ခေါင်းသွင်း၍ ကြည့်ရာ ပစ္စည်း တစ်စုံတစ်ရာမှ မတွေ့ ။ ကားလက်ကိုင် ခွေတွင် ယာဉ်မှတ်ပုံတင် နံပါတ် ကြည့်သော်လည်း ဘာမျှ မရှိ။ မေဆင်က "ကားနောက်ခန်း ဘက်ရှိ ဘောနက်ဖုံး ဖွင့်ကြည့်ရင် ကောင်းမယ်" ဟု ဆိုကာ နောက်ဘက်ရှိ ဘောနက်ကို ဆွဲဖွင့်ကြည့်သည် ။

အတွင်း၌ တွေ့ရသော ပစ္စည်းများကို ကြည့်၍ မေဆင် တအံ့တသြ ဖြစ်နေစဉ် ဒယ်လာက လှမ်းမေးသည် ။

"ဘာတွေလဲ ဆရာ"

မေဆင်က ဆွဲထုတ်ကြည့်ပြီး ...

"အကောင်းစား ငှက်ကုလားအုတ် မွေးတွေနဲ့ လုပ်ထားတဲ့ ယပ်

တောင်ကြီး နှစ်ခုကြွယ့်၊ ယပ်တောင် ရိုးတွေမှာ အယ်လ် အက်ဖ် (လ၊ဖ) လို့ အတိုကောက် ရွှေစာလုံး ထိုးထားတယ်၊ ဟော ... ပြီးတော့ ကတဲ့ အခါ စီးတဲ့ အဖြူရောင် ဖိနပ်တစ်ရန်၊ ဘောနက် ခန်းထဲမှာ လည်း သတင်းစာ စက္ကူ အသစ်တွေ ခင်းထားတယ်၊ တို့ တစ်တွေ ယပ်တောင်က ကတဲ့ ကချေသည် တစ်ယောက်ရဲ့ အခန်းထဲ ရောက်နေသလို ဖြစ်နေပြီ"

"ကြံကြံဖန်ဖန် ဆရာရယ်၊ ဒီပစ္စည်း မျိုးတွေကို ဒီလောက် စုတ်ချာတဲ့ ကားထဲမှာ တွေ့ရတယ်လို့ "

"အင်း ... ဒီတစ်ဝိုက်မှာ ညကလပ် ကပွဲရုံတစ်ခု ရှိပုံရတယ်၊ မက္ကဆီကို အဘွားကြီးရဲ့ မြေးဟာ ကချေသည် မကလေး ဖြစ်လိမ့်မယ်၊ သတင်းစာ စက္ကူတွေ ကြည့်ရတာလည်း အသစ်တွေချည်း ဆိုတော့ မကြာသေးခင်ကမှ ဒီနောက်ခန်းထဲမှာ ခင်းလာတာ ဖြစ်မယ်၊ နေ့စွဲတွေ ကြည့်စမ်းဒယ်လာ"

"လော့စ်အိန်ဂျလီ မြို့ထုတ် သတင်းစာတွေ ဆရာ၊ မနေ့က နေ့စွဲနဲ့ "

"ကောင်းပြီလေ၊ ဒီ ယပ်တောင်တွေ တို့ ယူသွားမယ်၊ နောက်မှ ရဲအဖွဲ့ကို လှမ်းဆက်သွယ်ပြီး အဘွားကြီး လိပ်စာကို ယာဉ်တိုက်မှု တိုင်ချက်ကနေ တောင်းယူတာပေ့ါ၊ ဒီပေါင်းအိုးကြီးထဲက ထွက်ကြစို့ ဒယ်လာ "

*****

# အခန်း (၂)

နောက်တစ်နေ့ ...

လော့စ်အိန်ဂျလီ မြို့လယ်ရှိ ပယ်ရီမေဆင်၏ ရုံးခန်းတွင် ဒယ်လာစထရိက ယမန်နေ့က ယာဉ်တိုက်မှု ကိစ္စကို သူမ၏ ဆရာအား သတိပေးသည် ။

"မနေ့ညက အယ်လ်စင်ထရို မြို့က ရဲစခန်းကို ဆရာ ဖုန်းဆက်ပြီး သတင်း ပို့ထားတဲ့ ယာဉ်တိုက်မှု ကိစ္စနဲ့ ပတ်သက်ပြီး အဲဒီ ရဲစခန်းက လှမ်းဆက်တယ် ဆရာ"

"ဟုတ်လား၊ ဟာ ... ဒီလိုဆို အဲဒီ ရဲစခန်းကို ဖုန်းဆက်သွယ် ပေးစမ်းပါကွယ်၊ ယပ်တောင် မင်းသမီးလေး အတွက် တို့ ယူလာခဲ့တဲ့ ငှက်မွေး ယပ်တောင်တွေ အချိန်မီ မရရင် ဝတ်လစ်စလစ် ဖြစ်နေပါဦးမယ်၊ ယပ်တောင် အကဆိုတာက ကချေသည် ရဲ့ ကိုယ်ပေါ်မှာ ဘာမှ ချန်မထားဘဲ အဲဒီ ငှက်မွေး ယပ်တောင်တွေနဲ့ ကွယ်ကာပြီး ကပြရတာကွယ့်"

ဒယ်လာက ရယ်ပြီး ရဲစခန်းသို့ ဖုန်းလှည့် ခေါ်သည် ။ ရလျှင် မေဆင်၏ ဖုန်းသို့ လိုင်းဆက် ပေးလိုက်သည် ။ မေဆင်က ဖုန်းခွက်ကို ကောက်ကိုင်ပြီး ...

"ဟလို ပယ်ရီမေဆင် စကားပြော နေပါတယ်၊ မနေ့က ယာဉ်တိုက်မှု

ကိစ္စ ကျွန်တော် သတင်းပို့ ခဲ့တယ်လေ၊ အတိုက်ခံရတဲ့ ကားထဲက ပစ္စည်းတချို့ ကျွန်တော် သိမ်းလာခဲ့တယ်၊ ကားထဲပါတဲ့ မိန်းမကြီး တစ်ယောက်တော့ လက်ကျိုး သွားတယ်၊ အဲဒီ မိန်းမကြီး လိပ်စာ ခင်ဗျားတို့ ရရင် ကျွန်တော့်ဆီ ပြန်ဆက် ပေးစမ်းပါ"

တစ်ဖက်မှ ရဲအရာရှိက ပြန်ပြောသည် ။ "မစ္စတာ မေဆင် သတင်းပို့ ထားတာ ကျွန်တော်တို့ တွေ့ပါတယ်၊ ဒါပေမဲ့ အဲဒီ ယာဉ်တိုက်မှု ကိစ္စ၊ ကျွန်တော်တို့ ဆီ ဘာတိုင်ချက်မှ ရောက်မလာဘူး ခင်ဗျ"

"ဘယ်လို ... ဘယ်သူကမှ မတိုင်ဘူးလား"

"မတိုင်ပါဘူး"

"အတော် ဆန်းတာပဲ၊ ယာဉ်တိုက်မှုက ခင်ဗျားတို့ အပိုင် ထဲမှာ ပဲ"

"ဟုတ်ပါတယ်၊ လမ်းဘေးမှာ ကားတစ်စီး မှောက်နေတာ ရဲကင်းက တွေ့ခဲ့ပါတယ်။ ကျွန်တော်တို့ စုံစမ်းတော့ အဲဒီကားဟာ ကယ်လက်ဆီကို မြို့မှာ နေတဲ့ ရာမွန်ကာလက် ဆိုတဲ့ လူ ပိုင်တဲ့ ကားဆိုတာ သိရပါတယ်။ သူက သူ့ကားကို လွှန်ခဲ့တဲ့ နှစ်ရက်လောက်က အခိုးခံခဲ့ ရတယ်လို့ ပြောတယ်"

"သူ့ကား ပျောက်တဲ့ အကြောင်း ရာမွန်ကာလက်က တိုင်ထားသလား"

"တိုင်ချက် မရှိဘူး၊ ဒီလူက သူ့ကားကိုလည်း စိတ်ဝင်စား ပုံတောင် မရှိဘူး၊ သူ့ကားကို မှောက်တဲ့ နေရာက ကားငှားဆွဲပြီး ပြုပြင်တဲ့ စရိတ်က ကားတန်ဖိုးထက် များ နေဦးမယ်တဲ့ ၊ ဒီမက္ကဆီကန်တွေ အကြောင်းလည်း ခင်ဗျား သိသားပဲ မစ္စတာမေဆင်၊ သူတို့ က ရှုပ်ရှုပ်ထွေးထွေး ပြဿနာမျိုးဆိုရင် လက်ရှောင် တတ်ကြတယ်ဗျ၊ ဒါနဲ့ ခင်ဗျားက ယာဉ်တို

က်မှု ဖြစ်တုန်းက သက်သေ ဖြစ်နေလို့ လား"

"ဟုတ်တယ်၊ ဆီဒင် ကားကြီးတစ်စီးက ဝင်တိုက်သွားတာ၊ အဘွား ကြီး တစ်ယောက်က မှောက်သွားတဲ့ ကားကို မောင်းလာတယ်၊ အင်္ဂလိပ် လိုလည်း မပြောတတ်ဘူး၊ အသက်က ၆၅ နဲ့ ၇၀ ကြား ရှိမယ်၊ ဆံပင် ဖြူဖြူ၊ မျက်နှာမှာ ပါးရေ နားရေတွေ တွန့်လို့ ၊ နာမည်က မာရီယာ ဂွန် ဇာလက်တဲ့ "

"ဒီအဘွားကြီးကို ခင်ဗျား ထပ်တွေ့ရင် မှတ်မိမလား"

"အသေအချာ မှတ်မိတာပေါ့"

"ဒီလိုဆို ကျွန်တော် ရှာကြည့်မယ်၊ အဘွားကြီးကို တွေ့ရင်တော့ ဟို ... ရာမွန်ကာလက် ဆိုတဲ့ လူ စိတ်ပြောင်းချင် ပြောင်းသွားမယ်၊ အဘွား ကြီးဟာ သူ့အဘွား၊ ဒါမှ မဟုတ် အဒေါ်ဖြစ်ချင် ဖြစ်နေမှာ ကိုး"

"ကျွန်တော့်အတွက် အရေးကြီးတာက ကားနောက်ခန်းထဲ တွေ့တဲ့ ပစ္စည်းတချို့ကို ပြန်ပေးဖို့ ပဲ"

"ဒါကတော့ဗျာ၊ အဲဒီနယ်က ထုတ်တဲ့ သတင်းစာမှာ ကြော်ငြာက လေး ထည့်လိုက်ရင် ပစ္စည်းပျောက်တဲ့ လူက လာယူလိမ့်မပေါ့"

မေဆင်က ဖုန်းပြန်ချပြီး ဒယ်လာကို ပြောသည် ။

"မဟာ တောင်ကြား နယ်မှာ ထုတ်တဲ့ နယ်မြေ သတင်းစာ ရှိတယ် မဟုတ်လား၊ စုံစမ်းပြီး ကြော်ငြာ လှမ်းထည့် စမ်းပါကွယ်၊ ကြော်ငြာကို ဒီလိုရေး"

"**ပစ္စည်း တစ်စုံတစ်ရာ ပျောက်ဆုံးသော ယပ်တောင် အကမင်းသ မီးသည် စာတိုက် သေတ္တာနံပါတ် ××× သို့ ဆက်သွယ်ပါ။ ပစ္စည်းပျော က် ပြန်ရစေမည်။** သတင်းစာ တိုက်ကိုလည်း မှာ ထားပါ၊ ဆက်သွယ်

လာတဲ့ လူရှိရင် ဆရာတို့ ရုံးကို လှမ်းပြောပါလို့ "

*****